ပုံစံ (၂)

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ
# ပြည်သူ့လွှတ်တော်မဲစာရင်းနှင့် စပ်လျဉ်းသော ကြော်ငြာစာ

[ နည်းဥပဒေ ၈ ]

၁။ -------------------- မြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွင်းရှိ --------------- ရပ်ကွက်/ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့် ကြေညာထားပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းတွင် မိမိအမည် ပါဝင်ခြင်းရှိ မရှိ လာရောက်ကြည့်ရှုရပါမည်။

၂။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် မိမိကိုယ်တိုင် ဖြစ်စေ၊ စာဖြင့် လွှဲအပ်ထားသော ကိုယ်စားလှယ်က ဖြစ်စေ ပုံစံ(၃)တွင်လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ တောင်းဆိုရမည်။

၃။ မဲစာရင်း၌ ပါရှိသော အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာတို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ မဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်လည်းကောင်း ပြင်ဆင်လိုသူ သို့မဟုတ် ကန့်ကွက်လိုသူ ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်လွှဲအပ်ထားသော သက်ဆိုင်သူများ၏ ကိုယ်စားလှယ်ကဖြစ်စေ ပုံစံ (၄) သို့မဟုတ် ပုံစံ(၄-က)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာဖြင့် ပြင်ဆင်/ ကန့်ကွက် ရမည်။

၄။ ပုံစံ (၃)၊ ပုံစံ (၄) နှင့် ပုံစံ(၄-က)များကို ------------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးသို့ - - ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းကြရမည်။

၅။ - - ရက်နေ့ ရုံးချိန် ကုန်ဆုံးပြီးနောက်ပိုင်းမှ တင်သွင်းလာသော တောင်းဆိုလွှာ/ ပြင်ဆင်လွှာ/ ကန့်ကွက်လွှာကို နည်းဥပဒေ ၁၄(က)ပါ ပြဋ္ဌာန်းချက်များမှ တစ်ပါး လက်ခံစဉ်းစားလိမ့်မည်မဟုတ်။

ဥက္ကဋ္ဌ

-------------------- ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ -------------------------

(၃) တတိယအကြိမ် ပြင်ဆင်ထားပါသည်။